> ၂၀၁၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉
> အရနိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန်တာဝန်ရှိသည်။

ပတခ(ကသခ)- ၂၃။

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁ ) အရ ကုန်စည်ထုတ်လုပ်ရောင်းရငွေ သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းမှရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းမှရငွေတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ခြင်းကို ထုတ်ဖော်ခွင့်ပေးရန် အကြောင်းကြားစာ**

စာအမှတ်၊ - - - - - - - - - - - - - - - - - - -

ရက် စွဲ ၊- - - - - - - - - - - - - - - - - - -

သို့

အမည် - - - - - - - - - - - - - - - - - - -

လိပ်စာ - - - - - - - - - - - - - - - - - - -

၁။ - - - - - - - - - - - -စည်းကြပ်နှစ်နှင့်သက်ဆိုင်သည့် -------------မှ ---------ရက်နေ့အတွင်း လူကြီးမင်း၏/လူကြီးမင်းပါဝင်သော အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်း၊ အသင်း သို့မဟုတ် အဖွဲ့အစည်း၏ ကုန်စည်ထုတ်လုပ်ရောင်းရငွေ/ကုန်သွယ်မှုလုပ်ငန်းမှရောင်းရငွေ / ဝန်ဆောင်မှုလုပ်ငန်းမှရငွေတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များကို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း/ အခွန်လျော့နည်းစေရန်ထိမ်ချန်ကြောင်း တွေ့ရှိထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်စည်ထုတ်လုပ်ရောင်းချရငွေ/ ကုန်သွယ်မှုလုပ်ငန်းမှ ရောင်းရငွေ/ ဝန်ဆောင်မှုလုပ်ငန်းမှ ရငွေတို့ကိုလည်းကောင်း၊ ယင်းတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်းကောင်း------------- နေ့ရက်ထက်နောက်မကျဘဲ မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ကြေညာပါရန် အကြောင်းကြားပါသည်။

၃။ မှန်ကန်ပြည့်စုံစွာ ရေးသွင်းဖော်ပြနိုင်ရန်အတွက် နှစ်ချုပ် - - - - - - - - - - - - - - - - - - - - - - - (ကုန်ရောင်းကြေညာလွှာ / ကုန်သွယ်မှုရောင်းရငွေ/ဝန်ဆောင်မှုရငွေကြေညာလွှာ) တစ်စောင် ပူးတွဲပေးပို့လိုက်ပါသည်။

၄။ မှန်ကန်ပြည့်စုံစွာထုတ်ဖော်ကြေညာရန် အခွင့်အရေးပေးသည့်တိုင် သက်မှတ်ရက်အတွင်းထုတ်ဖော်ရန် ပျက်ကွက်လျှင်ဖြစ်စေ တိမ်းရှောင်ထိမ်ချန်ခဲ့သည်ထက် လျော့နည်းထုတ်ဖော်လျှင်ဖြစ်စေ၊ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ၂၂၊ ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ် (၃) အရ အခွန်နှင့်ဒဏ်ငွေနှစ်ရပ်စလုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်အပြစ်ပေးခံရမည်ဖြစ်ပါသည်။

၅။ ထို့ပြင် လိမ်လည်လှည့်ဖြားလိုသောရည်ရွယ်ချက်ဖြင့် မိမိရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေများနှင့် စပ်လျဉ်းသည့် မမှန်မကန်သောကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း၊ မမှန်ကန်သော၊ မမှန်မကန်ဟု မိမိသိရှိယုံကြည်သောစာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများကိုတင်ပြကြောင်း တွေ့ရှိလျှင်ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ) အရ ကျသင့်အခွန်နှင့်ညီမျှသောဒဏ်ငွေပေးဆောင်ရမည့်အပြင် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်အပြစ်ပေးခံရမည် ဖြစ်ပါသည်။

(ရုံးတံဆိပ်)

လက်မှတ်- - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - -ဦးစီးဌာနမှူး

- - - - - - - - - - - - - - - - - - - မြို့နယ်၊

- - - - - - - - တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ